# အားလုံးသို့ပေးစာ
# ၄/၂၀၀၆
# (၁၊ ၉၊ ၂၀၀၆)

၁။ ခုတလောမှာ အာရုံစိုက်စရာကိစ္စအချို့ ပေါ်လာနေတယ်။ တခုက ကျိတ်ပြီးထွက်လာတဲ့သတင်း ဖြစ်တယ်။ နောက်တခုက ပေါ်ပေါ်ထင်ထင် (သို့သော်) အနှစ်သာရကို ဖုံးထားတဲ့ကိစ္စ။

(က) ဗိုလ်စိုးဝင်းက တရုတ်ပြည်ကို အကြံဉာဏ်တောင်းတယ်။ သူတို့အနေနဲ့ ရှေ့ဘာလုပ်ရင် ကောင်းမလဲဆိုတော့ တရုတ်ဘက်က 'ဆောင်ရန် – ရှောင်ရန်' တွေ ပြောပြတယ်လို့ ဆိုတယ်။

စီးပွားရေးနဲ့ပတ်သက်ပြီး ဘာတွေဘာတွေ လုပ်သင့်တယ်။ အာဆီယံက မထွက်နဲ့၊ အိုင်အယ်လ်အိုက မထွက်နဲ့၊ အမျိုးသားညီလာခံ ပြီးအောင်လုပ်ရမယ် ပြောလိုက်တယ်လို့ဆိုတယ်။

(ခ) နောက် ဗိုလ်စိုးဝင်းက ဗီယက်နမ်ကိုလည်း အလားတူ အကြံဉာဏ် တောင်းပြန်တယ်။ ဗီယက်နမ် စီးပွားရေးတက်အောင် ဘယ်လိုလုပ်ခဲ့သလဲ၊ ကျွန်တော်တို့ ဘာလုပ်ရင် ကောင်းမလဲပေါ့။

ဗီယက်နမ်က 'စီးပွားရေးတက်အောင်လုပ်ချင်ရင် အမေရိကန်နဲ့တည့်အောင်ပေါင်းလုပ်။ ဈေးကွက်က အဲဒီမှာပဲ ရှိတယ်။ တို့လည်း အဲဒီလို လုပ်ခဲ့တာပဲ' လို့ ဖြေတယ်လို့ ဆိုတယ်။ ဒါကြောင့် ဗိုလ်စိုးဝင်းဟာ 'အမေရိကန်နဲ့ တည့်အောင်ပေါင်း' ဆိုတဲ့ ဂါထာကိုရွတ်ပြီး ပြန်လာခဲ့သတဲ့။

၂။ နောက်တခုက အမေရိကန် အာဆီယံ လွတ်လပ်တဲ့ ကုန်သွယ်ရေးစီစဉ်မှုလို့ခေါ်တဲ့ သဘောတူညီချက် လက်မှတ်ထိုးကြတာ ဖြစ်တယ်။ TIFA လို့ ခေါ်ကြတယ်။ စာချုပ်လို့ မသုံး။

နအဖ ကုန်သွယ်ရေးဝန်ကြီးတင်နိုင်သိန်းလည်း လက်မှတ်ထိုးတယ်။ (APသတင်း)

ဒါကို အဓိပ္ပာယ် ကောက်ယူထားကြပုံမှာတော့ မတူကြဘူး။ အမေရိကန်က 'စာချုပ်' လို့ ပြောရမှာ ရှက်နေပုံပဲ။ ဗမာကို ဆက်ပြီးကုန်သွယ်ရေး ဒဏ်ခတ်မယ် – ပြောတယ်။

အာဆီယံအတွင်းရေးမှူး အုံကင်ယွန်းကတော့ စီစဉ်မှုလို့ မပြောဘူး။ 'စာချုပ်'တဲ့။

ဖြစ်လာမယ့်ဟာကို ပုံဖော်ကြည့်မိတယ်။ စင်ကာပူ၊ မလေးရှား၊ ထိုင်းက ဗမာပြည်နဲ့ ကုန်သွယ်နေကြတယ်။ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေကြတယ်။ အမေရိကန်က ဗမာပြည်နဲ့ တိုက်ရိုက်ကုန်သွယ်စီးပွား လုပ်စရာမလိုတော့ဘူး။ အခု အစီအစဉ်မှာ လက်နက်ကစပြီး တခြားဘာပစ္စည်းဖြစ်ဖြစ် အဲဒီ (၃ နိုင်ငံ) ကို ကြားခံထားပြီး ဗမာပြည်ထဲ သူ့ကုန်တွေ သွင်းနိုင်နေတာပါ။

အမေရိကန်က ဒီမို တို့၊ လွတ်လပ်မှုတို့ မပြောတော့ဘဲ အခုလို လုပ်လိုက်တာဟာ အာရှလမ်းမကြီးက အနေးနဲ့ အမြန် ဖောက်တော့မှာမို့ ကမန်းကတန်း 'တုံးတင်မှာ လာနား' တာပါ။ ဗမာပြည်ဈေးကွက်ကို နောက်ဖေးပေါက်က ဝင်တာလို့ မြင်နေမိတယ်။

နအဖ အနေနဲ့ကလည်း 'နယ်ချဲ့လက်သစ်' တို့ဘာတို့ အမြှုပ်ထအောင် ဘယ်လောက်ပဲအော်နေနေ အမေရိကန်နဲ့ ရင်ကြားစေ့ချင်နေတာပဲ။ သူ့အနေနဲ့ မစေ့စပ်နိုင်၊ မစေ့စပ်ချင်တာက NLD နဲ့ပါ။ ၈၈ မျိုးဆက်တွေနဲ့ပါ။

၃။ ဗိုလ်စိုးဝင်းသတင်းက သတင်းလိမ်လား၊ လုပ်ကြံသတင်းလား၊ ဆန္ဒစွဲသက်သက်လား ဆိုတာကို ကျွန်တော်တို့ မသိနိုင်ပါဘူး။

မသေမချာ သိတာကတော့ တရုတ် ဗီယက်နမ်မှ မဟုတ်ဘူး၊ အိန္ဒိယရော၊ ဂျပန်ရော၊ အာဆီယံတွေရော အားလုံးက ဗမာပြည်ရဲ့ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်စေချင်ကြတယ်။ ဒါမှ အာရှလမ်းမကြီးတွေ ဖောက်နိုင်မှာပါ။ လမ်းပြမြေပုံ (RM) လုပ်မှာ ဆိုရင်လည်း မြန်မြန်လုပ်စေချင်တယ်။ သန်းရွှေစစ်အုပ်စုက NLD နဲ့ စေ့စပ်ဆွေးနွေးရေးလုပ်မှာ မဟုတ်ဘူး ဆိုတာကို သူတို့ သိနေကြတာပါ။

RM မြန်မြန်လုပ်လာရင် NLD ဘေးကျပ်နံကျပ် တွေ့ပါလိမ့်မယ်။ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတွေရဲ့လုပ်ခွင် ကျဉ်းလာပါလိမ့်မယ်။ ကျွန်တော်တို့ ဘယ်လုပ်ကြမလဲ။ အဲဒါကို မြန်မြန်ညှိကြရပါမယ်။ ဒေါက်တာလွင်းဆွေရဲ့ 'အိတ်ဖွင့်ပေးစာ' ရဲ့ အခြေခံအတွင်းသဘောကို ကျွန်တော်တို့ သဘောတူပါတယ်။ ဆေးတောင်ဝှေးမရှိတဲ့ UNSC ကိုပဲ မျှော်နေကြရင်ဖြင့် မျှော်ရကျိုးနပ်မှာ မဟုတ်ဘဲ စစ်အာဏာရှင်စနစ် အခြေကျသွားမှာကိုပဲ မြင်နေပါတယ်။

လေးစားစွာဖြင့်
ရဲဘော်စိုးချစ်
(၁၊ ၉၊ ၂၀၀၆)